
**(၉) ပြောင်းဘက်တီးရီးယားရွက်ခြောက်ရောဂါ )Maize bacterial leaf blight)**

**ရောဂါဖြစ်စေသက်ရှိ -*Acidovorax avenae* Schaad et al. 2008**

**ရောဂါလက္ခဏာများ**

အရွက်ရှိ ရောဂါကွက်များသည် သေးသွယ် ကျဉ်းမြောင်း၍ ကောက်ရိုးအရောင်မှ အဖြူရောင်ဖြစ်ပြီး အစပိုင်းတွင် ဆီစိမ်ထားသကဲ့သို့ အရောင်တောက်ပနေပါသည်။ ထို ရွက်ကြောတစ်လျှောက်ဖြစ်ပေါ်နေသော ရှည်လျားသည့် ရောဂါကွက်များသည် ရွက်ကြောများဖြင့် ကန့်သတ်ထားတတ်သည်။ ကြီးမားရှည်လျားသည့် ပုံသဏ္ဍာန် မမှန်သော အစက်အပြောက်များ ဖြစ်ပေါ်ခြင်း သို့မဟုတ် အစက်အပြောက်များ ပေါင်းစည်းခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါကွက်များသည် ပါးလွှာပြီး စက္ကူစ ကဲ့သို့ ဖြစ်လာသည်။ ရောဂါရှိသော အရွက်များကို လှီးဖြတ်၍ ရေထဲတွင် စိမ်ကြည့်ပါက ဘက်တီးရီးယား စိမ့်ထွက်ရေများကိုတွေ့ရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးကို စိုက်ပါ။
- ရောဂါကျစိုက်ခင်းမှ မျိုးစေ့ကိုပြန်လည်မစိုက်ပျိုးပါနှင့်။
- အပင်စိပ်စိပ်မစိုက်ပါနှင့်။
- ပုလဲဓာတ်မြေဩဇာကို လွန်ကဲစွာ အသုံးမပြုဘဲ လိုအပ်ပါက အကြိမ်ကြိမ်ခွဲ၍ ကျဲပက်အသုံးပြုပါ။ ပိုတက်ရှ်မြေဩဇာကို မဖြစ်မနေ အသုံးပြုပါ။
- ပေါင်းမြက်များ၊ ရောဂါရအရွက်၊ အပင်များကို ရှင်းလင်းပါ။
- ရောဂါကျရောက်ပါက အောက်ပါ ဘက်တီးရီးယားသတ်ဆေးများ ပက်ဖျန်း အသုံးပြုပါ။
    - Kasugamycin (ကာစူဂါမိုင်စင်), Bismerthiazol (ဗစ်မာသီယာဇိုး)
    - Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်),
    - Oxolinic Acid (အောက်ဆိုလင်းနစ် အက်စစ်)